# မြန်မာ။ ။ အန္တရာယ်ကြုံနေရသည့် မူဆလင်နှင့် ဗုဒ္ဓဘာသာ လူထုကို အကာအကွယ်ပေးပါ

## *နိုင်ငံတကာ မီဒီယာ၊ ကူညီ ထောက်ပံ့ရေးလုပ်သားများအား ချက်ချင်း သွားရောက်ခွင့်ပေးပါ*

(၂၀၁၂ ခုနှစ် ဇွန်လ ၁၁ ရက် – နယူးယောက်) – မြန်မာနိုင်ငံအနောက်ပိုင်းတွင် ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များအကြား ဆူပူအကြမ်းဖက်မှု ပေါ်ပွားပြီး၊ အရေအတွက်မသိနိုင်သည့် လူများသေဆုံးပြီးနောက် ရခိုင်ပြည်နယ်တွင် အန္တရာယ် ကြုံနေရသည့် လူထုအသိုင်းအဝိုင်းကို အကာအကွယ် ပေးရန် မြန်မာအစိုးရအနေဖြင့် လိုအပ်သည့်အဆင့်များ လုပ်ဆောင်သင့်ပါသည်။ ရခိုင်ဗုဒ္ဓဘာသာဝင်များနှင့် တိုင်းရင်းသား ရိုဟင်ဂျာ မူဆလင်များအကြား ဘာသာရေးဆိုင်ရာ ဆူပူအကြမ်းဖက်မှုများကို ရပ်စဲရန် သို့မဟုတ် တာဝန်ရှိသူများကို တရားစီရင်ရန် မြန်မာအစိုးရအနေဖြင့် ဆောင်ရွက်သည့် အဆင့်များမှာ လုံလောက်ခြင်းမရှိပါ။

နိုင်ငံတကာ သတင်းထောက်များ၊ ကူညီထောက်ပံ့ရေးအလုပ်သမားများနှင့် သံတမန်များကို ချက်ချင်းသွားရောက်ခွင့် ပေးရန် လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့က အစိုးရအား တိုက်တွန်းပါသည်။

“အစိုးရ ရှေ့မှောက်တွင်ပင် ရခိုင်ပြည်နယ်မှ လူအသေအပျောက်ဖြစ်စေတဲ့ အကြမ်းဖက်မှု ထိန်းမနိုင်သိမ်းမရ ဖြစ်နေပြီ”ဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အစည်းမှ အာရှဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး အီလိန်း ပီးယဲစင်က ပြောပါသည်။ “အဲဒီနေရာတွေဆီ နိုင်ငံတကာမှ လွတ်လပ်သောလေ့လာသူတွေကို သွားရောက်ခွင့် ပေးလိုက်ရင်၊ အများက အနီးကပ် စောင့်ကြည့်နေကြောင်း သက်ဆိုင်သူအားလုံးကို အသိပေးလိုက်ရာ ရောက်မယ်။”

၂၀၁၂ ခုနှစ် ဇွန်လ ၃ ရက် ရခိုင်ဗုဒ္ဓဘာသာဝင် ခန့်မှန်းခြေ ၃၀၀ ခန့် မူဆလင်ခရီးသွားများပါသည့် ဘတ်စကားအား တိုက်ခိုက်ပြီး ခရီးသည် ၁၀ ဦးအား သတ်ဖြတ်ခဲ့သည့်အချိန်မှစတင်ကာ မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင် ပြည်နယ်တွင် ဆူပူအကြမ်းဖက်မှု ဖြစ်ပွါးခဲ့သည်။ မေလနှောင်းပိုင်းတွင် သံသယရှိသည့် မူဆလင် သုံးဦးမှ ရခိုင်အမျိုးသမီး တစ်ဦးအား မုဒိန်းကျင့်သတ်ဖြတ်ခဲ့သည်ဟူသော စွပ်စွဲချက်သတင်းအပေါ် ဒေါသထွက်နေသည့် လူအုပ်ကြီးမှ တုံ့ပြန်ခဲ့ခြင်း ဖြစ်ပါသည်။ သတင်းအရ တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် သံသယရှိသူများမှာ ရဲ၏ထိန်းသိမ်းမှုအောက်တွင် ရှိနေခဲ့ပါသည်။ ထိုအချိန်မှစပြီး ရဲများမှ ပစ်ခတ်၍ ရိုဟင်ဂျာများ သေဆုံးသည်၊ ရိုဟင်ဂျာလူအုပ်များမှ ရခိုင်အိမ်များနှင့် ပိုင်ဆိုင်သည့် စီပွားရေးလုပ်ငန်းများအား မီးရှို့ဖျက်ဆီးသည်ဟူသော စွပ်စွဲချက်များ ဖြင့် အဓိကရုဏ်းမှာ ပိုမိုဆိုးရွားလာခဲ့ပါသည်။  သတင်းအရ တုတ်ချောင်းများ၊ ဓါးများ ကိုင်ဆောင်ထားသော ရိုဟင်ဂျာနှင့် ရခိုင် လူအုပ်ကြီးများက လူသေဆုံးမှုများ ဖြစ်စေသည့် အကြမ်းဖက်မှုများ ကျူးလွန်ခဲ့ကြပါသည်။ ဤအကြမ်းဖက်မှုသည် မောင်တောမှ ပြည်နယ်၏မြို့တော်ဖြစ်ပြီး၊ အကြီးဆုံးမြို့ဖြစ်သည့် စစ်တွေအထိ ပြန့်ပွားသွားခဲ့သည်။

ဇွန်လ ၇ ရက်နေ့တွင်  ဤဆူပူအကြမ်းဖက်မှုအပေါ် စုံစမ်းစစ်ဆေးမှုတစ်ရပ် မြန်မာအစိုးရက ကြေငြာခဲ့ပါသည်။ ပဋိပက္ခများ ပိုမိုဆိုးရွားလာသည်နှင့်အမျှ ဇွန်လ ၁၀ ရက်နေ့တွင် သမတ ဦးသိန်းစိန်မှ ဤဒေသအတွက် အရေးပေါ်အခြေအနေ တစ်ရပ် ထုတ်ပြန်ခဲ့ပြီး၊ မြန်မာ့တပ်မတော်အား အာဏာ အပြည့်အဝ လွှဲအပ်ခဲ့ပါသည်။

ဥပဒေပြင်ပမှ သတ်ဖြတ်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ လယ်ယာသိမ်းခြင်းနှင့် လွတ်လပ်စွာသွားလာခွင့် ကန့်သတ်ခြင်းများ အပါအဝင် မြန်မာ့စစ်တပ်၏ မတရားညဉ်းဆဲမှုများကို ဆယ်စုနှစ်ပေါင်းများစွာ ရိုဟင်ဂျာတွေ ပုံမှန်ခံခဲ့ရပါတယ်။ ရခိုင်ပြည်သူများလည်း စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ငြိမ်ဝပ်ပိပြားရေးအတွက် စစ်တပ်ကိုအသုံးပြုခြင်းသည် အကြောင်းမဲ့ဖမ်းဆီးမှုများ၊ လျှို့ဝှက်ဖမ်းဆီးမှုများနှင့် ညှဉ်းပမ်းနှိပ်စက်မှုများ ပေါ်ပေါက်စေနိုင်သည်ဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့က ဆိုပါသည်။

“ရခိုင်ပြည်နယ်တွင် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်ခဲ့သည့် မှတ်တမ်းများရှိခဲ့သည့်အတွက် ဥပဒေ ကြီးကြပ်ရေးအတွက် စစ်တပ်ကို တာဝန် ပေးထားခြင်းဟာ အခြေအနေပိုမိုဆိုးရွားသွားစေနိုင်တယ်” ဟု ပီးယဲစင်က ပြောပါသည်။ “ခြိမ်းခြောက်ခံနေရတဲ့ လူထုအသိုင်းအဝိုင်းတွေကို အစိုးရကနေ အကာအကွယ်ပေးဖို့ လိုသော်လည်း၊ ထိုနေရာတွင် နိုင်ငံတကာ၏ ရောက်ရှိမှုကင်းမဲ့နေလျှင်၊ ထိုသို့ ဖြစ်မည် မဟုတ်ကြောင်း တစ်ကယ်စိုးရိမ်စိတ်ဖြစ်စရာပါ။”

လုံခြုံရေးအရခွင့်ပြုနိုင်သည့် နေရာများတွင် ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီနှင့် ကာကွယ်မှုပေးရန် အခင်းဖြစ်သည့် ရခိုင်ပြည်နယ်တွင် ရောက်ရှိနေသင့်သည်။

ယခင်စစ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်သည့် နိုင်ငံတော်တည်ဆောက်ရေး မူဝါဒများကို ရိုဟင်ဂျာများက ဆယ်စုနှစ်ပေါင်းများစွာ ခါးစည်းခံခဲ့ရပါသည်။ ရိုဟင်ဂျာများမှာ နိုင်ငံသားဖြစ်ပိုင်ခွင့် တရားဝင်ငြင်းပယ်ခံရပြီး၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် ပယ်ထားခြင်းခံခဲ့ရပါသည်။ မြန်မာနိုင်ငံအတွင်းတွင် အများက ၄င်းတို့အား ဘင်္ဂါလီများ၊ ဘင်္ဂလာဒေ့ရှ်နိုင်ငံသားများဟု ယူဆထားကြပါသည်။ ၁၉၆၀ ခုနှစ်များကတည်းက မြန်မာ အာဏာပိုင်များမှ ရိုဟင်ဂျာများအား မြန်မာနိုင်ငံမှ မောင်းနှင်ထုတ်ရန် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခဲ့ခြင်းကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်တိုက် ဖြစ်ပွါးခဲ့ ပါသည်။ မြန်မာနိုင်ငံတွင် ခန့်မှန်းခြေ ရိုဟင်ဂျာ ၈၀၀၀၀၀ ခန့်ရှိပြီး ၂၀၀၀၀၀ ခန့်မှာ ဘင်္ဂလာဒေ့ရှ်နိုင်ငံတွင် နေထိုင်ပြီး၊ ၄င်းတို့အနက်မှ ၃၀၀၀၀ မှာ ဆင်းရဲညစ်ပေလွန်းသည့် ဒုက္ခသည်စခန်းများတွင် နေကြပါသည်။

“မြန်မာနိုင်ငံအစိုးရရဲ့ ပစ်ပယ်ခြင်းမူဝါဒကြောင့် ရိုဟင်ဂျာတွေအပေါ် ခါးသီးမှုများ ပေါ်ပေါက်စေခဲ့တယ်” ဟု ပီးယဲစင်က ဆိုပါသည်။ “ရေရှည်အနေဖြင့် ရိုဟင်ဂျာများရင်ဆိုင်ခဲ့ရသည့် နှစ်ပေါင်းများစွာ ခွဲခြားဆက်ခံရမှုနှင့် ဥပေက္ခာပြုမှုများကို အစိုးရအနေနဲ့ ကိုင်တွယ်ဖြေရှင်းမည့်နည်းကို စဉ်းစားပြီး၊ တာဝန်ခံမှုရှိစေတဲ့ ယန္တရားဖန်တီးကာ၊ အခြားမြန်မာတွေလို ရိုဟင်ဂျာတွေလဲ တန်းတူအခွင့်အရေးရဖို့ လုပ်ဆောင်သင့်ပါတယ်။”

ရခိုင်ပြည်နယ်တွင် ပေါ်ပေါက်နေဆဲဖြစ်သည့် အကြမ်းဖက်မှုအရ မကြာမီလများအတွင်းက ဒီမိုကရေစီဆိုင်ရာ တိုးတက်မှုများရှိနေသော်လည်း လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ကြီးမားသည့်အခက်အခဲများ ရှိနေသေးကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ပြောပါသည်။ တိုင်းရင်းသား လူနည်းစုများ နေထိုင်ရာ ဒေသ အများအပြား၌ ပြောင်းလဲမှုလုပ်ငန်းစဉ်၏ အကျိုး အနည်းငယ်မျှသာ တွေ့ရပါသေးသည်။ နိုင်ငံ၏ဒေသအများစုသို့ နိုင်ငံတကာ သတင်းထောက်များနှင့် ကူညီထောက်ပံ့ရေးလုပ်သားများမှာ သွားရောက်ရန် ကန့်သတ်ချက်များနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

သြဇာလွှမ်းမိုးမှုရှိသည့်အစိုးရများဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ သြစတြေးလျနှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ မိမိတို့၏ သြဇာအားလုံးကို လက်လွှတ်လိုက်မည့်အစား အရပ်သားဖက်မှ စစ်တပ်အပေါ် အပြည့်အဝ ချုပ်ကိုင်နိုင်ရန်နှင့် တရားဥပဒေစိုးမိုးမှုတည်ဆောက်ရန် ပြောင်းလဲမှုစတင်နေချိန်တွင် ဆက်လက်ပြီး ဖိအားပေးသင့်ပါသည်။